



# ဘေးအန္တ ရာယ်ကြိုတင်ပြင်ဆင်ရေး
# ဆိုင်ကာလုန်းမုန်တိုင်း

www.myanmarredcrosssociety.org
အသက်ပေါင်းများစွာကယ်တင်ဖို့၊အတွေးအခေါ် များပြောင်းကြစို့။


မိုးပြ တောင်ခြေရှိ သစ်သားတဲအိမ်လေးတစ်လုံးထဲတွင်....
ထွန်းထွန်းတစ်ယောက် ငြိမ်းချမ်းစွာ အိပ်စက်နေစဉ် ရုတ်တရက် အချက်ပေးသံတစ်ခုက သူ့ကို လန့်နိုးစေ သည်။
ထွန်းထွန်း... နင်အခုဘဲ ဒီနေရာကနေ အမြန်ဆုံး ထွက်သွားမှဖြစ်မယ်... ဆိုင်ကလုန်းမုန်တိုင်း တစ်ခု ဒီကို လာနေတယ်.... အချက်ပေးနေတဲ့အသံကို နင်ကြားလား...
မိုးသည်းသည်းထန်ထန် ရွာရင် မြေတွေ ပြိုလာနိုင် တယ်...
ပြီးတော့ လေပြင်းမုန်တိုင်းက ဒီသစ်သားတဲအိမ်လေး ကိုလည်း ဖျက်ဆီးပစ်နိုင်တယ်...
အိုး....ဘုရားရေ
ဒီတော့.. ဆိုင်ကလုန်းမုန်တိုင်းမလာခင် ဒီတဲကနေ နင်ထွက်သွားဖို့သင့်တယ်...
အရေးပေါ် အတွက်စုဆောင်းထားတဲ့ အစားအစာနဲ့ သောက်ရေပုလင်းတွေကို အိတ်ထဲထည့်လိုက်..
ရေစိုခံအဝတ်တွေရှိရင် အဲဒါတွေကိုဝတ်ထား...
လျှပ်စစ်မီးတွေအားလုံးကို နဲ့ ဂက်(စ်) တွေကို ပိတ်ထား..
ပြီးရင် ငါ့အိမ်ကို ချက်ချင်းလိုက်လာခဲ့ ထွန်းထွန်း... အဲဒီမှာက ပိုပြီး လုံခြုံမှုရှိတယ်..
ကျေးဇူးအများကြီးတင်တယ် ပပ ရေ...
သတိနဲ့နေ ထွန်းထွန်း... ပုံမှန်မဟုတ်တဲ့အသံတွေကို သေချာနားထောင်....
သစ်ပင် ကျိုးအက်တဲ့ အသံတွေလိုမျိုးကို ပြောတာလား...
ဟုတ်တယ်.... ကျောက်တုံးတွေ တစ်ခုနဲ့တစ်ခု ပွတ်တိုက်တဲ့ အသံတွေရောပေါ့...
ဒီနေရာကနေ ငါတို့ ချက်ချင်းဘဲ ထွက်သွားရ အောင်...


ပပ၏အိမ်သို့ နှစ်ဦးသား စက်ဘီးဖြင့် ထွက်ခွာလာခဲ့ ကြသည်။
ပပ နှင့် ထွန်းထွန်းတို့ ပြူတင်းပေါက်များကို အကာပြုလုပ်နေကြပြီး အမိုးများပေါ်တွင်လည်း သဲအိတ်များ တင်နေ ကြသည်။
ပပ က ပေါ့ပါးပြီး လွင့်ထွက်နိုင်သည့်ပစ္စည်းများနှင့် သူမ၏ ကြောင်ကို အိမ်တွင်းသို့ ယူဆောင်လာသည်။
ညှောင်း.............
မြောင်း......
ပပသည် အခန်းများကို စနစ်တကျ ပြင်ထားပြီး အခန်း၏ ထွက်ပေါက်ကိုလည်း ရှင်းလင်းထားလိုက်သည်။
ဒီသစ်သားပြားတွေက ပစ္စည်းတွေ အပြင်ကိုလွင့်ထွက်မသွားအောင် အကာအကွယ်ပေးလိမ့်မယ်...
မြန်မြန်လုပ်... ဆိုင်ကလုန်းမုန်တိုင်းမလာခင် ငါတို့ အိမ်ထဲမြန်မြန်ဝင်ရအောင်...
ကျေးဇူးဘဲ ပပ .. နင်ဟာ ငါ့အတွက်တော့ သူရဲကောင်းတစ်ယောက်ဘဲ...
နင်ဘာတွေလုပ်နေတာလဲ...
အဖိုးတန်တဲ့ ပစ္စည်းတွေကို ပလပ်စတစ်အိတ်ထဲမှာ ထည့်ပြီး ရေလွှမ်းမိုးနိုင်တဲ့နေရာတွေကနေ အမြင့်တစ်နေရာကို ရွှေ့ထားမလို့
နင့်ရဲ့ တီဗွီ ကို ငါရေလွတ်တဲ့နေရာဆီ ကူရွှေ့ ပေးမယ်...
ကျေးဇူးဘဲ ထွန်းထွန်း....
ကဲ... ခုငါတို့ဒီအိမ်ကို လုံခြုံအောင်တော့ ပြင်ဆင်ထား ပြီးပြီ... အိမ်ထဲမှာဘဲ နေပြီး ဆိုင်ကလုန်းမုန်တိုင်း ငြိမ်သွားတဲ့ အထိ စောင့်နေလိုက်ရအောင်..
သိပ်ကောင်းတဲ့အကြံဘဲ...
ဝေါ...
ဝေါ...
ဆိုင်ကလုန်းမုန်တိုင်း ရောက်လာတဲ့အသံနဲ့တူတယ်...
မီးပြ တောင်ခြေရှိ သစ်သားတဲအိမ်လေးတစ်လုံးထဲတွင်....
မှတ်ထားထွန်းထွန်း... လုံခြုံရေးက အမြဲတမ်း နံပါတ်တစ်ဘဲ

**အောက်ပါအချက်များသည် ဆိုင်ကလုံးမုန်တိုင်း ဘေးကြုံတွေ့ရပါက ဆောင်ရွက်ရန်လုပ်ငန်းများဖြစ်သည်။ ယင်းတို့ကိုသေချာစွာ လေ့လာ ထားလျှင်သင်နှင့်သင့်မိသားစုများအတွက်စနစ်ကျသောနည်းလမ်းအသွယ်သွယ်ကိုလုပ် ဆောင်နိုင်မည်   ဖြစ်ပါသည်။**

- မုန်တိုင်းများ တိုက်ခတ်လာပါက သင်၏ မိသားစုဝင် အားလုံးကို မည်သည့်နေရာတွင် ထွက်ပေါက်ရှိသည်၊ ထိုထွက်ပေါက်မှ မည်ကဲ့သို့ ထွက်ခွာသွားရမည် ဆို သည်ကို အသိပေးထားရမည်။
- သင်နေထိုင်သည့်နေရာဒေသတွင် ပြုလုပ် သည့် ဆိုင်ကလုန်းမုန်တိုင်း အန္တရာယ်ကြိုတင်ပြင်ဆင် ခြင်းလုပ်ငန်းများနှင့် ဘေးအန္တရာယ်ကျ ရောက်နိုင်ခြေ ပြသည့်မြေပုံရေးဆွဲသည့် လုပ်ငန်းများတွင် ပါဝင်ပါ။
- အရေးကြီးသော စာရွက်စာတမ်းများနှင့် အဖိုးတန် ပစ္စည်းများကို ရေလုံသည့် ပလပ်စတစ်အိတ်ထဲတွင် ထည့်ထားပြီး ရေလွှမ်းမိုးမှုမှ လွတ်နိုင်သည့် နေရာ တွင်ထားပါ။
- Iမုန်တိုင်းတိုက်ခတ်သည့်ရာသီ မရောက်မီ သင်၏ အိမ်ခေါင်မိုးများကို သေချာစစ်ဆေးပြီး လိုအပ်ပါက ပြုပြင်မှုများ ပြုလုပ်ထားပါ။ ပေါ့ပါးသော အိမ်ခေါင် မိုးများကို သဲအိတ်များဖြင့် ဖုံးဖိထားပါ။
- အကယ်၍ သင်သည် အန္တရာယ်သည့်နေရာတွင် ရှိနေပါက ချက်ချင်း ဆိုင်ကလုန်းမုန်တိုင်း ဦးတည် တိုက်ခတ်လာသည့်ဘက်နှင့် အဝေးဆုံးနေရာသို့ အမြန်ဆုံး ထွက်ခွာသွားပါ။
- လျှပ်စစ်မီး၊ ဂက်(စ်)၊ ရေပိုက်နှင့် အခြားလျှပ်စစ်ပစ္စည်း များကို ပိတ်ထားပါ။
- သင်၏ အရေးပေါ်ယူဆောင်သွားမည့်အိတ်ထဲတွင် အစားအစာရိက္ခာနှင့် သောက်သုံးရေများ ပါ/မပါ သေချာ စစ်ဆေးပါ။
- သင်၏ မိုဘိုင်းဖုန်းကို ဘက်ထရီဖြည့်ထားပါ..။
- မုန်တိုင်းတိုက်ခတ်မည့်အချိန်တွင် အကယ်၍ သင်နေ ထိုင်သည့်နေရာသည် ပင်လယ်ကမ်းရိုးတန်းဒေသ (သို့) ရေလွှမ်းမိုးသည့်အရပ်ဒေသ(သို့)မြစ်ချောင်းများ နံဘေး (သို့)ပေါ့ပါးသော ယာယီအဆောက်အဦးဖြစ် နေပါက ချက်ချင်းထိုနေရာမှ ထွက်ခွာရမည်ဖြစ်သည်။
- ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်နေသည့်အချိန်တွင် ပြောင်းရွှေ့ထွက်ခွာခြင်း လုံးဝမပြုလုပ်ပါနှင့်။



*ww.redcross.org/prepare/disaster/hurricane*
တွင် ဖတ်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း

ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏာသီရိမြို့နယ်၊ နေပြည်တော်။

ဖုန်း/ဖက်စ် - ၀၆၇ - ၄၁၉၀၄၀

**www.myanmarredcrosssociety.org**

၏အကူအညီဖြင့်ဆောင်ရွက်သည်။

လူသားချင်းစာနာထောက်ထားမှု
အကူအညီပေးရေးနှင့် ကယ်ဆယ်ရေး

International Federation
of Red Cross and Red Crescent Societies

香港紅十字會
HONG KONG RED CROSS

Norwegian **Red Cross**